## ၁၀။ လှေးကျိုင်း

**Striped flea beetle: *Phyllotreta chotanica* (Duvivier, 1892)**

**Coleoptera: Chrysomelidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**




အကောင်ကြီးမှာအနက်ရောင်(သို့)အစင်းပါရှိပြီး(၂)မီလီမီတာ ခန့်ရှည်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပိုးလောက်ကောင်နှင့် အကောင်ကြီးများသည် နံနက်စောစောနှင့် ညနေအေးချိန်တွင် ပဲရွက်များကို ကိုက်ဖြတ်စားသောက်သည်။ ဖျက်ဆီးခံရသောပဲရွက်များတွင် ညီညာဝိုင်းစက်သော စက်ဝိုင်းပုံအပေါက်များ ဖြစ်နေသည်ကိုတွေ့ရသည်။

**ဘဝစက်ဝန်း**

ဥအဆင့် – (၂-၄ ) ရက်

လောက်ကောင် အဆင့် **– (** ၈-၁၄ **)** ရက်

ရုပ်ဖုံး အဆင့် **– (**၈-၁၃**)** ရက်

အကောင်ကြီး အဆင့် **– (**၄-၈**)** ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ရုပ်ဖုံးများသေစေရန်ထယ်ထိုး၊ထွန်မွှေခြင်းပြုလုပ်ပါ။

(၂) ပေါင်းမြက်များရှင်းလင်းပါ။

(၃)ကျရောက်မှုများပါကထိသေ၊စားသေပိုးသတ်ဆေးတစ်မျိုးမျိုးအား ဆေးအညွှန်း အတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin)
- ဆိုင်ပါမီသရင် (Cypermethrin)
- ဒယ်လ်တာမီသရင်(Deltamethrin)